# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 26 , 2022 Volume 57, Number 20


၂၆.၈.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၅၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၁၀၀ ကျပ် |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၉၈.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၁၀.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၈၀.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၆၂.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၆.၀၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၆.၃၀၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၆၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၉.၉၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၃၅၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ၂၀၂၂ ခုနှစ် ခြောက်လအတွင်း မြန်မာနိုင်ငံသို့ အာရှစီးပွားရေး အင်အားကြီး နိုင်ငံများကသာ ဝင်ရောက်ရင်းနှီးမြှုပ်နှံထားပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာသန်း ၁၆၀ ခန့်သာရှိ

၂၀၂၂ ခုနှစ် ခြောက်လအတွင်း မြန်မာနိုင်ငံအတွင်းသို့ အာရှစီးပွားရေး အင်အားကြီးနိုင်ငံများကသာ ဝင်ရောက်ထားပြီး ယင်းကာလအတွင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာသန်း ၁၆၀ ခန့်သာ ခွင့်ပြုပေးထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA)မှ ထုတ်ပြန်ထား သည့် စာရင်းများအရ သိရသည်။

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ ခြောက်လအတွင်း မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁၅၉ သန်းကျော် ခွင့်ပြုပေးထားသည်။

အဆိုပါကာလအတွင်း တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၄၁ သန်း ကျော်၊ ဟောင်ကောင်မှ ရင်းနှီးမြှုပ်နှံမှုဒေါ်လာ ၅၉ သန်းကျော်၊ စင်ကာပူနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၂၁ သန်းကျော်၊ ကိုရီးယားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၁၇ သန်းကျော်၊ ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဒေါ်လာ ခြောက်သန်းကျော်၊ ထိုင်ဝမ်၏ ရင်းနှီးမြှုပ်နှံမှုဒေါ်လာ ခုနစ်သန်းကျော်၊ အင်ဒိုနီးရှားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ငါးသန်းကျော်စသည့် အာရှနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုများကိုသာ ခွင့်ပြုပေးထားနိုင် ခဲ့ကြောင်း ထုတ်ပြန်ထားသည့် စာရင်းများအရသိရသည်။

ပြီးခဲ့သည့် ဇွန်လတစ်လအတွင်း ပြည်တွင်းသို့ ဟောင်ကောင်နှင့်တရုတ်နိုင်ငံ စသည့် အာရှစီးပွားရေးအင်အားကြီး နိုင်ငံများကသာ ခွင့်ပြုပေးထားကြောင်း ရင်းနှီး မြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန(DICA) က ထုတ်ပြန်ထားသည့် စာရင်းများ အရ သိရသည်။

၂၀၂၂ ခုနှစ် ဇွန်လတစ်လအတွင်း မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံမှ ရင်းနှီး မြှုပ်နှံမှု လုပ်ငန်းသုံးခုကို ခွင့်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁ ဒသမ ၂ သန်း ကျော်ရှိသည်။ ဟောင်ကောင်မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခု ကို ခွင့်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၄ ဒသမ ၅၅၄ သန်းရှိသည်။ ပြီးခဲ့သည့် ဇွန်လတစ်လ အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု သုံးခုခွင့်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၈ ဒသမ ၇ သန်းကျော်ရှိကြောင်း သိရသည်။

၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၂၂ ခုနှစ် ဇွန်လအထိ မြန်မာနိုင်ငံအတွင်း နိုင်ငံပေါင်း ၅၂ နိုင်ငံက မြန်မာနိုင်ငံအတွင်း လာရောက်ရင်းနှီးမြှုပ်နှံထားသည်။ အဆိုပါကာလအတွင်း မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၃၀၀ ကျော်ခွင့်ပြုပေးထားပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၉၃ ဒသမ ၂၉၄ ဘီလျံ

ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA)က ထုတ်ပြန်ထားသည့် စာရင်းများအရသိရသည်။

၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၂၂ ခုနှစ် ဇွန်လအထိ စင်ကာပူနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုပမာဏ ၂၄ ဒသမ ၆၇၇ ဘီလျံရှိ လုပ်ငန်းပေါင်း ၃၅၁ ခုဖြင့် အများဆုံးခွင့်ပြုထားသည်။ တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၂၁ ဒသမ ၇၂၁ ဘီလျံရှိ လုပ်ငန်းပေါင်း ၅၅၃ ခုဖြင့် ဒုတိယအများဆုံးဖြစ်သည်။

ထိုင်းနိုင်ငံက ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၁၁ ဒသမ ၅ ဘီလျံကျော်ဖြင့် တတိယအများဆုံးနှင့် ဟောင်ကောင်မှ ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၉ ဒသမ ၈ ဘီလျံကျော်ဖြင့် စတုတ္ထအများဆုံးဖြစ်သည်။ ၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၂၂ ခုနှစ် ဇွန်လအထိတွင်လည်း အများဆုံးခွင့်ပြုပေးထားသည့်နိုင်ငံများမှာ အာရှစီးပွားရေးအင်အားကြီးနိုင်ငံများနှင့် အာဆီယံဒေသတွင်းနိုင်ငံများဖြစ်သည်။

**Source:** https://news-eleven.com/article/236274

## သြဂုတ် ၂၅ ရက်တွင် ရွှေလုပ်ငန်းရှင်များအသင်းက ပြည်တွင်းရွှေဈေးနှုန်း ကျပ် ၂၀၅၆၀၀၀ ဖြင့် ဈေးပိတ်ခဲ့သော်လည်း ပြင်ပဈေးကွက်၌ ကျပ် ၂၈၀၀၀၀၀ ဝန်းကျင်ရှိနေ



https://news-eleven.com/article/236276

၂၀၂၂ ခုနှစ် သြဂုတ်၂၅ ရက်တွင် ရွှေလုပ်ငန်းရှင်များ အသင်းက ပြည်တွင်းရွှေဈေးနှုန်း ကျပ် ၂၀၅၆၀၀၀ ဖြင့် ဈေးပိတ်ခဲ့သော်လည်း ပြင်ပဈေးကွက်တွင် ကျပ် ၂၈၀၀၀၀၀ ဝန်းကျင်ရှိနေကြောင်း ရွှေရောင်းဝယ်သူများထံမှ သိရသည်။

သြဂုတ် ၁၂ရက်တွင် အခေါက်ရွှေဈေးနှုန်းမှာ တစ်ကျပ်သားလျှင် ကျပ် ၂၆သိန်းသို့ ရောက်ရှိခဲ့ပြီး၊ သြဂုတ် ၁၃ တစ်ရက်တည်းတွင် နံနက်ပိုင်း၌ ၂၇ သိန်း၊ နေ့လည်ပိုင်းတွင် ၂၈ သိန်းကျော်အထိ စံချိန်တင်မြင့်တက်ခဲ့သည်။

၂၀၁၆ ခုနှစ်မှစ၍ ၂၀၂၂ ခုနှစ်အထိ ပြည်တွင်းရွှေဈေးနှုန်း စံချိန်တင်ဈေးနှုန်းများ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ကာ နှစ်အလိုက် စံချိန်တင်ဈေးနှုန်းများမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျပ် ၉၀၃၅၀၀၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျပ် ၉၅၇၈၀၀၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၀၄၇၇၀၀၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ကျပ် ၁၁၄၃၅၀၀၊ ၂၀၁၉ ခုနှစ် သြဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊ ၂၀၁၉ စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၃၁၅၀၀၀၊ ၂၀၂၀ ပြည့်နှစ် သြဂုတ် ၇ ရက်တွင် ကျပ် ၁၃၃၅၅၀၀၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ကျပ် ၁၄၂၀၀၀၀ ဖြစ်သည်။

ရွှေဈေးနှုန်းသည် ၂၀၁၆ ခုနှစ်တွင် ကျပ် ၈၀၀၀၀၀ တန်း၊ ၂၀၁၇ ခုနှစ်တွင် ကျပ် ၉၀၀၀၀၀ တန်း၊ ၂၀၁၈ ခုနှစ်တွင် ကျပ် ၁၀၀၀၀၀၀ တန်း၊ ၂၀၁၉ ခုနှစ်တွင် ကျပ် ၁၁၀၀၀၀၀ တန်းနှင့် ကျပ် ၁၂၀၀၀၀၀ တန်းကို ကျော်လွန်လာခဲ့ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာတွင် ကျပ် ၁၃၁၀၀၀၀ ကျော်အထိ မြင့်တက်ခဲ့ခြင်းဖြစ်ကာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ကျပ် ၁၄၂၀၀၀၀ အထိ စံချိန်တင် မြင့်တက်ခဲ့သည်။

လအလိုက်ဖြစ်ပေါ်ခဲ့သော အနိမ့်ဆုံးနှင့်အမြင့်ဆုံး ကမ္ဘာ့ရွှေဈေးနှုန်းများမှာ ၂၀၂၀ ပြည့်နှစ် ဧပြီတွင် ၁၅၆၈-၁၇၂၉ ဒေါ်လာ၊ မေတွင် ၁၆၈၃-၁၇၄၈ ဒေါ်လာ၊ ဇွန်တွင် ၁၆၈၀-၁၇၇၉ ဒေါ်လာ၊ ဇူလိုင်တွင် ၁၇၆၉-၁၉၇၅ ဒေါ်လာ၊ သြဂုတ်တွင် ၁၈၅၉-၂၀၇၅ ဒေါ်လာ၊ စက်တင်ဘာတွင် ၁၈၄၈-၁၉၇၅ ဒေါ်လာ၊ အောက်တိုဘာတွင် ၁၈၅၈-၁၉၃၃ ဒေါ်လာ၊ နိုဝင်ဘာတွင် ၁၇၆၄- ၁၉၆၆ ဒေါ်လာ၊ ဒီဇင်ဘာတွင် ၁၇၇၆-၁၉၀၆ ဝန်းကျင်ရှိခဲ့ခြင်းဖြစ်သည်။

ရွှေဈေးနှုန်းအား သတ်မှတ်နိုင်ငံခြားငွေလဲနှုန်း အပေါ်မူတည်၍ အရောင်းအဝယ်ပြုလုပ်ရန်ညွှန်ကြားထားသော်လည်း ရွှေဆိုင်အများစုမှာ ပြင်ပပေါက်ဈေးဖြင့်သာ အရောင်းအဝယ်ပြုလုပ်နေကြကြောင်းသိရသည်။ လက်ရှိတွင် ရွှေအရောင်းဆိုင်များတွင် အဆိုပါသတ်မှတ်ဈေးနှုန်းအား အရောင်းဘောက်ချာတွင်သာရေး၍ ရောင်းချခြင်းဖြစ်ပြီး လက်တွေ့ဝယ်ယူရာတွင် ပြင်ပပေါက်ဈေးဖြင့်သာ ပေးချေဝယ်ယူနေရခြင်းဖြစ်သည်။

ရွှေဈေးနှုန်းအား သတ်မှတ်နိုင်ငံခြား ငွေလဲနှုန်းအပေါ်မူတည်၍ အရောင်းအဝယ်ပြုလုပ်ရန် ညွှန်ကြားထားသော်လည်း ရွှေလုပ်ငန်းရှင်များမှ ဈေးကွက်တွင်မူ အဆိုပါဈေးဖြင့် ဝယ်ယူမရနိုင်ဘဲ ပြင်ပပေါက်ဈေးဖြင့်သာ ဝယ်ယူရောင်းချ

နေရသဖြင့် ယင်းကဲ့သို့ ရောင်းချနေရခြင်းဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/236276

## ရှမ်းပြည်နယ်တောင်ပိုင်းမှထွက်ရှိသည့် သစ်တော်သီးများ ဈေးကောင်းရရှိပြီး အဝယ်လိုက်နေ



https://www.myawady.net.mm/node/29671

ရှမ်းပြည်နယ်တောင်ပိုင်းမှ ထွက်ရှိသည့် သစ်တော်သီးများ ဈေးကောင်းရရှိပြီး အဝယ်လိုက်နေကြောင်း ဟိုပုံးမြို့နယ်မှ သစ်တော်သီး စိုက်ပျိုးရောင်းချသူများ၏ ပြောပြချက်အရ သိရသည်။

လတ်တလောတွင် သစ်တော်သီး ၁၉ ပိဿာဝင် ဆိုဒ်သေးတစ်ခြင်းလျှင် ငွေကျပ် ၁၂၀၀၀၊ ဆိုဒ်လတ်တစ်ခြင်းလျှင် ငွေကျပ်၂၆၀၀၀ နှင့် ဆိုဒ်ကြီးတစ်ခြင်းလျှင် ငွေကျပ် ၃၀၀၀၀ အထိရရှိနေကြောင်း သိရသည်။ "သစ်တော်သီးက ဖွန်လလောက်က စပေါ်နေတာပါ။ ကျွန်တော်တို့ ဒီဘက်မှာ အသီးတုံးစပြုနေပါပြီ။ ခြံပြတ်ဝယ်တဲ့သူတွေတော့ နောက်လလောက်အထိ ရနိုင်ပါသေးတယ်။ သစ်တော်သီးက သုံးလလောက်ပဲ ခူးလို့ရပါတယ်။ ဒီနှစ်ကစပေါ်ကတည်းက အခုထိ အရောင်းအဝယ်ကောင်းတယ်။ ဈေးလည်းရတယ်"ဟု ဟိုပုံးမြို့နယ်မှ သစ်တော်သီး စိုက်ပျိုးရောင်းချသူတစ်ဦးကပြောသည်။

ရှမ်းပြည်နယ်တောင်ပိုင်း၌ သစ်တော်သီးကို တစ်နိုင်တစ်ပိုင်အပြင် ဧကအများအပြား စိုက်ပျိုးသူများလည်း ရှိကြောင်း၊ မြန်မာနိုင်ငံ၌ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အနီးဝန်းကျင်ဒေသ၌ အများအပြား စိုက်ပျိုးလေ့ရှိသည်။ "သစ်တော်သီးကို အသီးအတိုင်း စားဖို့အတွက်ပဲ ဝယ်တာများပေမယ့် တာရှည်ခံအောင် တော်ဖီ၊ ဂျယ်လီနဲ့ ယိုတွေအနေနဲ့လည်း ပြုလုပ်ပြီးစားနိုင်ပါတယ်"ဟု တောင်ကြီးမြို့နယ်မှ သစ်တော်သီး စိုက်ပျိုးရောင်းချသူ ဒေါ်ထားထားကပြောသည်။

သစ်တော်သီးကို ဒီဇင်ဘာလမှ ဖေဖော်ဝါရီလလယ်အတွင်း စိုက်ပျိုးကြသကဲ့သို့ တောင်ပေါ်ဒေသများ၌ နွေရာသီအစောပိုင်းတွင် စတင်စိုက်ပျိုးလေ့ရှိကြောင်း၊ သစ်တော်သီးပင်များ၏ သက်တမ်းမှာ နှစ်ပေါင်း ၅၀ မှ ၇၅ နှစ်ဝန်းကျင်အထိရှိသော်လည်း အပင်အများစုမှာ သက်တမ်း ၁၀ နှစ်မှ ၁၅ နှစ်ဝန်းကျင် ကျော်ပါက အသီးသီးနှုန်း ကျဆင်းလာသောကြောင့် အပင်အသစ်များနှင့် ပြန်လည်အစားထိုးလေ့ရှိကြောင်းသိရသည်။ ထို့ပြင် အပင်ကို စတင်စိုက်ပျိုးသည့်အချိန်မှ သုံးနှစ်သက်တမ်းအကြာတွင် သစ်တော်သီး စတင်သီးလာမည်ဖြစ်သော်လည်း အပင်သက်တမ်း ငါးနှစ်မှခုနစ်နှစ် ရောက်မှသာ အသီးများများရရှိမည်ဖြစ်ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/29671

## အိန္ဒိယနိုင်ငံ ဂျုံတင်သွင်းရဖွယ် အခြေအနေ ဆိုက်ရောက်လျက်ရှိ



https://www.foodindustrydirectory.com.mm

အိန္ဒိယနိုင်ငံမှာ မတ်လတွင်စတင်ခဲ့သော စံချိန်တင်အပူလှိုင်းသည် အိန္ဒိယ ဂျုံအထွက်နှုန်းကို လျော့ကျစေမည်ဖြစ်သည်။ သန်းရာနှင့်ချီသော လူဦးရေအတွက် နေ့စဉ်အစားအစာများဖြစ်သော နံပြား၊ ချာပါတီ အစရှိသော အိန္ဒိယရိုးရာအစားအစာများအတွက် အသုံးပြုသော ဂျုံမှုန့်ဈေးနှုန်းများ ပြည်တွင်းဈေးကွက်တွင် ဈေးမြင့်တက်နေသည်။

ဘမ်ဘာဂျုံရိတ်သိမ်းမှု ဖြစ်ပေါ်လာတော့မည်မဟုတ်ကြောင်း ညွှန်ပြမှုများ ကြောင့် အစိုးရသည် မေလလယ်တွင် တင်ပို့မှုကိုကန့်သတ်ရန် လှုံ့ဆော်ခဲ့သည်။ အိန္ဒိယနိုင်ငံ၏ Food Corp. ၏ အဆိုအရ ဩဂုတ်လတွင် နိုင်ငံတော်မှ အရန်ငွေသည် 14 နှစ်အတွင်း အနိမ့်ဆုံးအဆင့်သို့ ကျဆင်းသွားခဲ့ပြီး စားသုံးသူ ဂျုံဖောင်းပွမှုမှာ 12% နီးပါး လည်ပတ်နေပါသည်။

ယခုအခါ ရှားပါးမှုနှင့် ဈေးနှုန်းများ မြင့်တက်လာမှုကြောင့် ပြည်ပမှဝယ်ယူရန် အာဏာပိုင်များက ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်သည်။ ဒေသအချို့ရှိ ဂျုံမှုန့်များတင်သွင်းရာတွင် ကူညီရန်အတွက် ဂျုံတင်သွင်းခွန် ၄၀ ရာခိုင်နှုန်း ဖြတ်တောက်ခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း ရှိမရှိ ဆွေးနွေးနေကြသည်ဟု အဆိုပါကိစ္စနှင့် နီးစပ်သူများမှပြောကြားကာ ဆွေးနွေးပွဲသည် သီးသန့်အဖြစ် မသတ်မှတ်ရန် တောင်းဆိုကြောင်းသိရသည်။ ဒါကို ရိုက်တာသတင်းဌာနက ပထမဆုံး ဖော်ပြခဲ့တာပါ။

ဂျုံစိုက်ပျိုးထုတ်လုပ်မှု လျော့ကျမည့်အရေး ပေါ်ပေါက်နေသဖြင့် အစိုးရက ပြည်ပသို့ ဂျုံတင်ပို့မှုကို မေလလယ်တွင် ပိတ်ပင်ခဲ့ပြီးဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ စားနပ်ရိက္ခာကော်ပိုရေးရှင်း Food Corp. of India ၏ အဆိုအရ နိုင်ငံပိုင်အရန်ဂျုံ လက်ကျန်သည် ဩဂုတ်လတွင် ၁၄ နှစ်တာအတွင်း အနိမ့်ဆုံးအဆင့်သို့ ကျဆင်းရောက်ရှိနေသည်။ စားသုံးသူတို့အကြား ဂျုံဈေးနှုန်း မြင့်တက်လာနေခဲ့ရာ ၁၂% နီးပါးသို့ ရောက်ရှိလာပြီဖြစ်ပြီး တက်ရိပ်ဆက်ရှိနေဆဲဖြစ်သည်။

သို့ဖြစ်ရာ ဈေးတက်ခြင်းအပြင် ပြတ်လပ်ခြင်းကိုပါ ကာကွယ်ရန် အိန္ဒိယအစိုးရက ပြည်ပမှဂျုံတင်သွင်းရန် ချိန်ဆနေသည်။ ယခုအခါ ပြည်ပမှ ဂျုံတင်သွင်းပါက ဂျုံအပေါ် သွင်းကုန်ခွန် ၄၀% စည်းကြပ်လျက်ရှိသည်ကို ဖယ်ရှားခြင်းဖြင့် ဂျုံစက်များ ပြည်ပမှ ဂျုံတင်သွင်းဖို့ တွက်ခြေကိုက်စေမည် ဖြစ်သည်။

အိန္ဒိယသည် ကမ္ဘာ့ဒုတိယအများဆုံး ဂျုံစိုက်ပျိုးထုတ်လုပ်သူဖြစ်သော်ငြား အဓိက ဂျုံတင်ပို့သည့် နိုင်ငံမဟုတ်ချေ။ အိန္ဒိယသည် သာမန်အခြေအနေတွင် ပြည်တွင်းဂျုံ စိုက်ပျိုးထုတ်လုပ်မှုက ပြည်တွင်းစားသုံးမှုကို ဖူလုံပါသည်။ ပြည်ပမှ မဆိုစလောက်သာ တင်သွင်းသည်။ ပြည်တွင်းဂျုံထုတ်လုပ်မှု ပမာဏစုစုပေါင်း၏ ၀.၀၂% ဝန်းကျင်ကိုသာ ပြည်ပမှတင်သွင်းပါသည်။

၂၀၂၁-၂၂ ရိတ်သိမ်းချိန်တွင် တန်ချိန် ၁၁၁ သန်း ဝန်းကျင်ရှိမည်ဟု အာဏာပိုင်များက ဖေဖော်ဝါရီတွင် ခန့်မှန်းထား သော်လည်း ယခုအခါ ၁၀၇ သန်း ဟု ပြင်ဆင်ခန့်မှန်းသည်။ ကုန်သည်များနှင့် ဂျုံစက်များက တန်ချိန် ၉၈ သန်းမှ ၁၀၂ သန်းအထိသာ ထွက်လိမ့်မည်ဟု ခန့်မှန်းထားကြသည်။ အစိုးရက ဂျုံအထွက်နှုန်းကို အကောင်းမြင်လွန်းသည်ဟု ဝေဖန် ကြသည်။

**Source: economictimes**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/4888-india-is-likely-to-import-wheat.html

## ပဲမျိုးစုံဈေးကွက်အတွင်း အမြင့်ဈေးဖြင့် အရောင်းအဝယ်သွက်နေ




ပြည်ပပို့ကုန်ပဲများ၊ ပြည်တွင်းသုံး ကုလားပဲအုပ်စုဝင်များနှင့် မြေပဲဆီဈေးများမှာ ယခု သီတင်းပတ်တွင်လည်း အမြင့်ဈေးဖြင့် အရောင်းအဝယ်ဆက်လက်ဖြစ်နေကြောင်း ပဲ၊ နှမ်း ကုန်သည်များထံက သိရသည်။ ပို့ကုန်ပဲများမှာ အတက်ရပ်နေသော်လည်း အမြင့်ဈေးတွင် ဈေးငြိမ်ပြီး အရောင်းအဝယ်သွက်နေသဖြင့် မတ်ပဲတစ်အိတ် ကျပ်၂၀၀,၀၀၀၊ ပဲစင်းငုံ ကျပ်၁၈၅,၀၀၀၊ ပဲတီစိမ်း ကျပ် ၁၅၀,၀၀၀ ဈေးအသီးသီး ရှိနေသည်။

တချိန်တည်းမှာပင် ပြည်တွင်းသုံးကုလားပဲနှင့် မြေပဲဆီဈေးများလည်း ယခင်သီတင်းပတ်ထက် ပို့ကုန်ပဲတွေ အကုန်ဈေး မြင့်တက်သွားရာကနေ လက်ရှိမှာ အမြင့်ဈေးနဲ့ အရောင်းအဝယ်သွက်နေပါတယ်။ အချို့ဒေသတွေမှာ လက်ကျန်ပဲမရှိ သလောက်ဖြစ်သွားပါပြီ။ အချို့လည်း ဈေးကွက်ကို စောင့်ကြည့်ရောင်းချနေပါတယ်။ ပို့ကုန်ပဲတွေ ဈေးအတက်ရပ်သွား ပေမယ့် ယခင်သီတင်းပတ်ထက် ဆက်လက်မြင့်တက်နေပါတယ်။

"ဈေးကွက်မှာ အရောင်းအဝယ်အကောင်းဆုံးကတော့ ကုလားပဲအုပ်စုနဲ့ မြေပဲဆီဖြစ်ပါတယ်။ တရုတ်လိုင်းအဝယ်ရှိသည့် မြေပဲလုံးဆံက တစ်ပိဿာ ကျပ် ၆၅၀၀-၆၈၀၀ ဈေးဖြစ်ပေမယ့် မြေပဲဆီဆံတွေကတော့ ၆၀၀၀ ကျော်လောက်သာရှိပါတယ်။ နှမ်းမျိုးစုံဈေးကွက်ကလည်း ဈေးကောင်းအဝယ်လိုက်နေတော့ နှမ်းနက် သုံးတင်းဝင်တစ်အိတ်ကို ကျပ် ၂၈၀,၀၀၀၊ နှမ်းဖြူ ကျပ်၂၇၀,၀၀၀ အထိ ပေါက်ဈေး ဖြစ်လာပါတယ်" ဟု ၎င်းကပြောသည်။

**မတ်ပဲ၊ ပဲတီစိမ်း ၊ ပဲစင်းငုံ**

ဒေါ်လာဈေးအပြောင်းအလဲကြောင့် ပြည်တွင်းပို့ကုန်ပဲများ ဈေးကွက်အတွင်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၀,၀၀၀ ခန့် ဈေးမြင့်တက်သွားရာ ယခု သီတင်းပတ်တွင် လက်ကျန်နည်းသွားသည့် အခြေအနေကြောင့် မတ်ပဲမှာ တစ်အိတ် ကျပ် ၂၀၀,၀၀၀ အထိ စံချိန်တင်မြင့်တက်ခဲ့သည်။ နယ်လက်ကျန်နည်းသွားသည့် ပဲစင်းငုံမှာလည်း တစ်အိတ်ကျပ် ၁၈၅,၀၀၀ အထိ ပေါက်ဈေးဖြစ်ခဲ့သည်။

မန္တလေး ပဲဈေးကွက်နှင့် ရန်ကုန်ပဲဈေးကွက်များမှာ အရောင်းအဝယ်အသွက်ဆုံးဖြစ်နေရာ ယခုသီတင်းပတ်တွင် စက်သုံးဆီဈေးမြင့်တက်မှုနှင့်အတူ ကားတန်ဆာခများ ဈေးမြင့်တက်လာမှုကြောင့် ဝယ်ယူရန် အခက်အခဲရှိလာခဲ့ကြောင်း သိရသည်။

**မြေပဲ**

ပြည်တွင်းသို့ စားအုန်းဆီ တင်သွင်းမှုလျော့ချလာသဖြင့် စားဆီဈေးကွက်မှာ ဈေးမြင့်တက်လာသကဲ့သို့ ပြည်တွင်း မြေပဲဆီများလည်း လိုက်ပါဈေးမြင့်တက်လာရာ S1 မြေပဲလုံးဆန် တစ်ပိဿာကျပ် ၆၉၀၀၊ အနီလုံးဆံ တစ်ပိဿာ ကျပ် ၆၇၀၀-၆၉၀၀၊ ဆီဆံတစ်ပိဿာ ကျပ် ၆၅၀၀-၆၆၀၀ ပေါက်ဈေးရှိသည်။

စားဆီဈေးကွက်မှာလည်း အခြေခံရည်ညွှန်းဈေး တစ်ပိဿာကျပ် ၄,၀၀၀ ကျော် သတ်မှတ်ထားသော်လည်း ပြင်ပ ဈေးတွင် တစ်ပိဿာကျပ် ၈,၀၀၀ ကျော် ပေါက်ဈေးရှိနေသည်။ မြေပဲဆီ တစ်ပိဿာကျပ် ၁၅,၀၀၀၊ နှမ်းဆီတစ်ပိဿာကျပ် ၁၀,၀၀၀ ကျော်ပေါက်ဈေး ဖြစ်လာသည်။

ပြည်တွင်းသုံးကုလားပဲအုပ်စု အရောင်းအဝယ်သွက်လာခြင်းနှင့်အတူ ပဲမာလိုင်းများလည်း အနည်းငယ် ဈေးမြင့်တက် လာပြီး ပဲအမျိုးအစားအလိုက် တစ်အိတ်ကျပ် ၅,၀၀၀ မှ ၂၀,၀၀၀ ခန့် ဆက်လက်ဈေးမြင့်တက်လာသည်။ ဩဂုတ်လ ၁၈ ရက် တွင် ကုလားပဲ V2 တစ်အိတ်ကျပ် ၁၉၅,၀၀၀၊ ပဲယင်းတစ်အိတ် ကျပ် ၁၄၅,၀၀၀၊ ပဲကြီးတစ်အိတ်ကျပ် ၂၃၅,၀၀၀၊ ပဲထောပတ် တစ်အိတ်ကျပ် ၁၆၀,၀၀၀၊ စွန်တာပြာ ကျပ် ၁၄၅,၀၀၀၊ မြေထောက်ပဲ ကျပ် ၂၃၀,၀၀၀ နှင့် ကျွန်းစားတော်ပဲတစ်အိတ် ကျပ် ၃၅၀,၀၀၀ သို့အသီးသီး ဈေးမြင့်တက်ခဲ့သည်။

**Source: Myanma Awba**

## မြန်မာ့ကြိမ်နှင့်ဝါး လက်မှုပညာထုတ်ကုန်မျိုးစုံ ပြည်ပတင်ပို့နိုင်ရန် ဆောင်ရွက်နေ

မြန်မာ့ကြိမ်နှင့် ဝါးလက်မှုပညာထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် စီမံဆောင်ရွက်နေပြီး ယခုနှစ်တွင် မြန်မာ့ကြိမ်နှင့် ဝါးလက်မှုပညာ ထုတ်ကုန်မျိုးစုံကို ပြည်ပတင်ပို့နိုင်ရန် ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးနေထွန်းမင်းက ပြောပြ၍သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကြိမ်၊ ဝါးလက်မှုပညာထုတ်ကုန်များကို ထုတ်လုပ်နေသည့်ကျေးရွာများသို့ ကုန်ကြမ်း ချပေးကာ ကုန်ချောယူစနစ်ဖြင့် ပြည်ပတင်ပို့နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်ကြမ်းမပြတ်လပ်စေရေးအတွက် အစုအဖွဲ့ပိုင် ဝါးစိုက်ခင်းများထူထောင်ထားရှိကာ ထိန်းသိမ်းဆောင်ရွက်နေကြောင်းသိရသည်။

"ဝါးနဲ့ ကြိမ်လက်မှုပညာထုတ်ကုန်တွေက အမျိုးအစားပေါင်း ၂၀၀ ကျော်လောက်ရှိပါတယ်။ မြန်မာ့လက်မှုပညာ ထုတ်ကုန်တွေက ပြည်ပဈေးကွက်ရှိပြီးသားဖြစ်တဲ့အတွက် နှစ်စဉ်တင်ပို့နေသလို ပိုမိုတင်ပို့နိုင်ဖို့အတွက် ကြိုးပမ်းနေပါတယ်။ အဓိကက ပညာရှင်တွေ ခါးဆက်မပြတ်အောင် ကျေးရွာတွေမှာ သင်တန်းတွေပေးနေသလို ကုန်ကြမ်းပေး ကုန်ချောယူ စနစ်နဲ့လဲ ထုတ်ကုန်မပြတ်လပ်ရေးကို ဆောင်ရွက်နေပါတယ်။ ဒီလက်မှုပစ္စည်းတွေကို ထုတ်လုပ်တဲ့ ဝါးအမျိုးစားတွေ မျိုးတုန်းမသွားအောင် စိုက်ခင်းတွေ ထူထောင်ထိန်းသိမ်းနေပါတယ်။ နောက်တစ်ခါ ကြိမ်ကလဲထိန်းသိမ်းဖို့လိုလာပြီ ဖြစ်တဲ့အတွက် ကြိမ်ကိုလဲ ထိန်းသိမ်းစိုက်ပျိုးသွားဖို့ လုပ်ဆောင်သွားဖို့ရှိပါတယ်" ဟု ဦးနေထွန်းမင်းကပြောပြသည်။

မြန်မာ့ကြိမ်နှင့် ဝါးလက်မှုအချောထည် ထုတ်လုပ်တင်ပို့သည့် ကုမ္ပဏီ ၇၀ ကျော်ရှိပြီး ကြိမ်၊ ဝါးလက်မှုထည်များကို ပြည်ပသို့တင်ပို့မှုမှ နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၀ သန်းခန့်ရရှိနေကြောင်းသိရသည်။

**Source: ရတနာပုံသတင်းစာ**

## ယခုဘဏ္ဍာနှစ် ဩဂုတ် ၁၂ ရက်ထိ ကန်ပိုက်တီး နယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်မှုပိုငွေ အမေရိကန် ဒေါ်လာ ၃၂ သန်းကျော်ရရှိ

ယခုဘဏ္ဍာနှစ် ဩဂုတ် ၁၂ ရက်ထိ ကချင်ပြည်နယ် ကန်ပိုက်တီး နယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၃၂ သန်းကျော် ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရသိရသည်။

ယခုဘဏ္ဍာနှစ်တွင် ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှ ဩဂုတ် ၁၂ ရက်ထိ ကန်ပိုက်တီးနယ်စပ် ကုန်သွယ်ရေးစခန်းက ပို့ကုန် အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၂၂၈ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၃၂ သန်း၊ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၉၆ သန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အဆိုပါကာလအတွင်း ကန်ပိုက်တီး နယ်စပ်ကုန်သွယ်ရေး စခန်းအနေဖြင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၄၉၆ သန်းရရှိခဲ့ကြောင်းသိရသည်။


ကန်ပိုက်တီး နယ်စပ်ကုန်သွယ်ရေးစခန်းအနေဖြင့် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် ဧပြီ ၁ ရက်မှ ဩဂုတ် ၁၂ ရက်ထိ ပို့ကုန် အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၅၀၅ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၇၆ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၂၈၁ သန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ၂၀၂၁ ခုနှစ်တွင် ကုန်သွယ်မှုပိုငွေ အမေရိကန် ဒေါ်လာ ၂၇ ဒသမ ၇၂၉ သန်းရရှိခဲ့ကြောင်းသိရသည်။

ကချင်ပြည်နယ်ရှိ ကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးစခန်းက ပြည်ပသို့ တစ်သျှူးငှက်ပျော၊ ပဲတီစိမ်း၊ မြေထောက်ပဲ၊ သီဟိုဠ်စေ့၊ ဆန်၊ ကြံ၊ ကြိမ်၊ ဆန်ကွဲ၊ ငရုတ်သီး (အခြောက်)၊ ရော်ဘာနှင့်ထောပတ်ပဲများကို တင်ပို့ပေးလျက်ရှိရာ အဆိုပါ ကာလအတွင်း ကချင်ပြည်နယ်မှထွက်ရှိသည့် ပြောင်းနှင့်ရော်ဘာပို့ကုန်များက နှစ်ဆတိုးမြှင့်တင်ပို့နိုင်ခဲ့သောကြောင့် ကုန်သွယ်မှုပိုငွေ တိုးတက်များပြားလာခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

၂၀၂၂ ခုနှစ် ဇူလိုင်လ ပထမပတ်တွင် ပြည်ပသို့ ရော်ဘာနှင့်ပြောင်းတင်ပို့သည့် ကုန်တင်မော်တော်ယာဉ်အစီးရေ ၃၀ ကျော်ခန့်သာရှိနေခဲ့ပြီး ဇူလိုင်လ တတိယပတ်ထဲတွင် ပြည်ပသို့ ရော်ဘာနှင့်ပြောင်းတင်ပို့သည့် ကုန်တင်ယာဉ်အစီးရေ ၆၀ ကျော်ထိရှိလာခဲ့ကြောင်း၊ ဒေသတွင်းမှ စိုက်ပျိုးထွက်ရှိနေသည့် သစ်သီးဝလံသီးနှံများနှင့် လယ်ယာထွက်ကုန်များကို ကန်ပိုက်တည် နယ်စပ်ကုန်သွယ်ရေးစခန်းက ပြည်ပသို့ နေ့စဉ်ကားအစီးရေ ၂၅၀ ကျော်ထိ တင်ပို့ရောင်းချပေးနေကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## STOCK EXCHANGE (26.8.2022)


YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 26th Aug. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,000 | +0 | +0.00% | 6,900 | 7,000 | 6,900 | 24 | 165,700 | 33,109,694 | 231,768 |
| MTSH | 00002 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,400 | 6,387 | 15,378,150 | 38,929,150 | 95,376 |
| MCB | 00003 | 6,800 | +0 | +0.00% | 6,800 | 6,800 | 6,800 | 0 | 0 | 10,400,986 | 70,727 |
| FPB | 00004 | 18,000 | +0 | +0.00% | 18,000 | 18,000 | 18,000 | 241 | 4,338,000 | 2,472,053 | 44,497 |
| TMH | 00005 | 2,350 | +0 | +0.00% | 2,350 | 2,350 | 2,350 | 1 | 2,350 | 12,823,224 | 30,135 |
| EFR | 00006 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 0 | 0 | 19,977,223 | 48,944 |
| AMATA | 00007 | 3,900 | -1,000 | -20.41% | 5,000 | 5,000 | 3,900 | 280 | 1,096,400 | 10,497,598 | 40,941 |


## Market summary

As of 26th Aug. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 323.28 | -6.04 | -1.83% | 327.41 | 329.92 | 322.16 | 6,933 | 20,980,600 | 7 | 562,388 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 26th Aug. 2022

| MYANPIX | 323.28 ▼ 6.04 |
|---|---|
| Total Volume (shares) | 6,933 |
| Total Value (MMK) | 21 mil |
| Listed Company | 7 |
| Market Cap. (MMK) | 562,388 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,000 | ▲ 0 |
| MTSH | 00002 | 2,450 | ▲ 0 |
| MCB | 00003 | 6,800 | ▲ 0 |
| FPB | 00004 | 18,000 | ▲ 0 |
| TMH | 00005 | 2,350 | ▲ 0 |
| EFR | 00006 | 2,450 | ▲ 0 |
| AMATA | 00007 | 3,900 | ▼ 1,000 |